မြန်မာခရစ်ယာန်မိသဿဟာယအသင်းတော်

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F.* _______ *Volume 5/ Issue 5/ May/ 2012*

## Happy Mother's Day (May 13, 2012)




မိခင်၏နှလုံးသားသည် ကလေးငယ်များ၏ ဘဝသင်ခန်းစာများပင် ဖြစ်သည်။
ဟင်နရီဝဒ်ဘီချာ (၁၈၁၃–၁၈၈၇)
အမေရိကန်ဘုန်းတော်ကြီး

မိခင်စိတ်မချမ်းသာမှုကို မပြုသောသူများနှင့်သာ ကျွန်ုပ်မိတ်ဆွေဖြစ်လိုပါသည်။
ဂျင်းချားလ်စ်လာကရေတယ်လ် (၁၇၆၆–၁၈၅၅)
ပြင်သစ်သမိုင်းပညာရှင်

မိခင်တိုင်းသည် ရှိသေအထူးကို ခံထိုက်သူများဟု သိနားလည်မှုမရှိသောသားသည် လူဖြစ်ရကျိုး မနပ်ပေ။
ဂျင်ပေါလ်ရစ်တာ (၁၇၆၃–၁၈၂၆)
ဂျာမန်လူမျိုးဟာသပညာရှင်

ပြော၍မကုန်နိုင်သောအရာသည် မိခင်တို့၏အကြောင်းသာလျှင် ဖြစ်သည်။
ဂေါ်ကီ
ရုရှားပြဇာတ်ဆရာကြီး

တေးကဗျာတို့အနက် မိခင်အကြောင်းကို သီဖွဲ့သောတေးကဗျာသည် အသာယာဆုံးဖြစ်သည်။
အင်္ဂါအယ်လင်ပိုး (၁၈၀၉–၁၈၄၉)

မိခင်မေတ္တာဆိုသော စကားပုဒ်သည် သာယာချမ်းမြေ့မှု အဝဝကို စုစည်းထားသည်။
ရောဘတ်ပိုလော့(၁၇၉၈–၁၈၂၇)
စကော့လူမျိုးကဗျာဆရာ

မိခင်၏ခြေရင်းတွင်ထိုင်၍ နာခံခဲ့ရသော အဆုံးအမများသည် ကျွန်ုပ်၏နှလုံးသားတွင် ထာဝစဉ် စွဲထင်နေမည်သာဖြစ်သည်။
ဟူးဂိုလာမင်း (၁၇၈၂–၁၈၅၄)
ပြင်သစ်ဘာသာရေးနှင့်နိုင်ငံရေးပညာရှင်

ကမ္ဘာလောကကြီးအား လက်ရှိမကောင်းသောအခြေအနေများမှ ကင်းစင်ပပျောက်အောင် ပြုပြင်လိုလျှင် မိခင်များနှင့်သာ စတင်လုပ်ဆောင်ကြရမည်။
ချားလ်ဆိုင်မွန် (၁၇၉၈–၁၈၅၆)
အမေရိကန်လူမျိုးဘုန်းတော်ကြီးနှင့်စာပေပညာရှင်

မိခင်သည် မည်သူ့နေရာတွင်မဆို အစားဝင်နိုင်သော်လည်း သူမ၏နေရာတွင် မည်သူမျှ အစား မဝင်နိုင်။
အမေရိကန်ဘုန်းတော်ကြီးတစ်ဦး

မိမိသားငယ်၏ ကောင်းမွန်သော ကံကြမ္မာကို ပီတိဖြစ်နေသော မိခင်ထက် ပျော်ရွှင်သူသည် ဤလောက၌ မရှိ။
ဂျိန်ပေါလ်ရစ်ချတာ (၁၇၆၃–၁၈၂၆)
ဂျာမ်လူမျိုးဟာသပညာရှင်

**မိခင်များအားဂုဏ်ပြုပါ၏ ။**

# “သီလရှိသောမိန်းမသည်မိမိလင်/ ခင်ပွန်း၌ဦးရစ်သရဖူဖြစ်၏။”

(သုတ္တံကျမ်း၊၁၂း၄)

ကျွန်မတို့၏အသင်းတော်မှသင်းအုပ်ဆရာကြီးသည်အသင်းသူ/ သားများတို့အား၊ သမ္မာကျမ်းစာကိုလေ့လာဖတ်ရှုရန်အတွက်တစ်နှစ်စာဇယားဆွဲ၍ပေးထားပါသည်။ကျွန်မသည်ထိုသို့ဇယားအတိုင်းဖတ်သွားရာ၌၊သုတ္တံကျမ်းသို့ရောက်သောအခါ၊(သုတ္တံကျမ်း၊၁၂း၄) မှ– “သီလရှိသောမိန်းမသည်မိမိလင်၌ဦးရစ်သရဖူဖြစ်၏။”ဟူသောကျမ်းပိုဒ်ကိုစိတ်ဝင်စားမိပါသည်။ဝိညာဉ်တော်၏လမ်းပြမှုကိုလည်းခံစားရပါသည်။ကျွန်မသည်အိမ်ထောင်ရှင်မဖြစ်သောကြောင့်ဇနီး/ မယားတစ်ယောက်အနေဖြင့်လည်းကိုယ့်ကိုယ်ကိုပြန်လည်ဆန်းစစ်မိပါသည်။စုဆောင်းမှတ်သားထားသည့်ကျမ်းပိုဒ်များနှင့်လည်းဆက်စပ်ကာလေ့လာမိသည်။ယခုတဖန်ကျွန်မ၏နားလည်သဘောကိုပြန်လည်ဝေမျှပါရစေ။–

ဤကျမ်းပိုဒ်ကိုတစ်လုံးစီပြန်ကြည့်ကြပါစို့၊–‘သီလ’ဟူသည်မှာဂုဏ်သရေမြင့်သူ၊ တမူထူးခြားသောသဘာဝအကျင့်/ အရည်အသွေး၊ဆောက်တည်ခြင်းဟုအဓိပ္ပါယ်ဆောင်သည်။ဤကျမ်းပိုဒ်တွင်‘မိမိလင်/ ခင်ပွန်း၌’ဟုပါသဖြင့်၊လက်ထပ်ပြီးသောအမျိုးသမီး၊လင်ယောကျ်ားရှိသောမိန်းမများကိုရည်ရွယ်ထားကြောင်းနားလည်ရပါသည်။

(ကမ္ဘာ၊၂း၁၈)မှာ“ ယောကျ်ားသည်တယောက်တည်းမနေကောင်း၊သူနှင့်တော်သောအထောက်အမကိုသူ့ဘို့ငါလုပ်ဦးမည်ဟုအကြံရှိတော်မူ၏။”ထို့ကြောင့်ယောကျ်ားသည်မိန်းမ၏‘လင်/ ခင်ပွန်း’ ဖြစ်ရ၏။

တဖန် ထိုနှစ်ဦးတို့သည်(ယေဇကျေလ၊၁၆း၈) “ကျိန်ဆိုခြင်းကိုလည်းပြု၍၊ သင်နှင့်ပဋိညာဉ်ဖွဲ့သဖြင့်၊သင်သည်ငါ၏ခင်ပွန်းဖြစ်လေ၏။”ထို့အတူမိန်းမသည်လည်းဇနီး/ မယားဖြစ်ရသည်။ဤနေရာ၌အချို့သောယောကျ်ား/ မိန်းမအများတို့သည်ပကတိထုံးစံကိုပယ်၍၊လိင်တူအချင်းချင်းထိမ်းမြားစုံဖက်သောအိမ်ထောင်ပြုခြင်းကိုမဆိုလိုပါ။ထိုသို့မှားယွင်းခြင်းကို“သေပြစ်ခံထိုက်ပေ၏”ဟုဘုရားသခင်ပညတ်ထားတော်မူကြောင်းကို(ရောမ၊၁း၂၆–၃၂) တွင်အတိအလင်းဖော်ပြထား၏။

လူယောကျ်ားနှင့်လူမိန်းမ၊နှစ်ဦးတို့သည်မေတ္တာမျှ၍လက်ထပ်ပြီးအတူနေရုံမျှနှင့်မပြီးသေးပါ။အသီးသီးတာဝန်ဆိုတာရှိလာကြသလို၊အရည်အချင်းဆိုတာလည်းရှိရတော့မည်ပင်။(ဒေသနာ၊၄း၉) လူသည်တစ်ယောက်တည်းထက်နှစ်ယောက်သာ၍ကောင်း၏။ကြိုးစားအားထုတ်လျှင်၊ကောင်းသောအကျိုးကိုရတတ်၏။–ဟုဆိုထားပါသည်။

သမ္မာကျမ်းစာထဲ၌၊ဇနီး/ မယားအမျိုးအစားအမျိုးမျိုးရှိကြောင်းကိုဖော်ပြထားသည်။
‘ဖြောင့်မတ်သောသူ’ တို့၏ဖြောင့်မတ်သောသဘောသည်သူတို့ကိုကယ်တင်တတ်၏။

လွန်ကျူးသောသူတို့မူကား၊မိမိတို့အဓမ္မ၌ကျော့မိတတ်ကြ၏။(သုတ္တံ၊၁၁း၆)

‘သီလနှင့်ပြည့်စုံသောမိန်းမ’ကိုအဘယ်သူတွေ့ရသနည်း။ထိုသို့သောမိန်းမသည်ပတ္တမြားထက်အဘိုးသာ၍ထိုက်ပေ၏။ သူ၏ခင်ပွန်းသည်သူ့ကိုယုံ၍၊ဆင်းရဲခြင်းနှင့်ကင်းလွတ်လိမ့်မည်။ထိုမယားသည်မိမိခင်ပွန်းအကျိုးကိုမဖျက်၊တသက်လုံးပြုစုတတ်၏။(သုတ္တံ၊၃၁း၁၀–၁၂)

မိန်းမတို့သည် ‘တည်ကြည်သောသူ’ ဖြစ်ရကြမည်။ ချောစားတတ်သောသူမဟုတ်။ ‘သမ္မာသတိရှိသောသူ’၊ ‘အရာရာ၌သစ္စာရှိသောသူ’ ဖြစ်ရကြမည်။(၁တိ၊၃း၁၁)

ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကိုကဲ့ရဲ့ခြင်းနှင့်ကင်းလွတ်စိမ့်သောငှါ၊အသက်ပျိုသောမိန်းမတို့သည်‘ကိုယ်ခင်ပွန်းကိုချစ်သောသူ၊သားသမီးကိုချစ်သောသူ၊အိန္ဒြေစောင့်သောသူ၊စင်ကြယ်သောသူ၊မိမိအိမ်ကိုပြုစုသောသူ၊ကောင်းမွန်သောသူ၊ခင်ပွန်း၏အုပ်စိုးခြင်းကိုဝန်ခံသောသူ။’...စသည်ဖြင့်(တိတု၊၂း၄–၅) တွင်ရှင်းလင်းစွာပြောထား၏။

တဖန်တာဝန်ပိုင်းကိုလေ့လာကြည့်သော်၊မိန်းမတို့သည်အိမ်ထောင်ပြုပြီးနောက်၊ဘုရားသခင်ထံမှကောင်းကြီးမင်္ဂလာတစ်ပါးဖြစ်သောသားဖွားခြင်းအမှုကိုရရှိထားကြပြီဖြစ်ပါသည်။ထို့ကြောင့်သားသမီးများတို့သည်ဘုရားပေးသည့်ဆုကျေးဇူးဖြစ်သည့်အားလျော်စွာ၊သခင်ဘုရား၏အလိုတော်နှင့်အညီပြုစုစောင့်ရှောက်၊သွန်သင်လမ်းညွှန်ပေးရမည့်တာဝန်တစ်ရပ်ရှိလာပါသည်။(၁တိ၊၅း၁၄)မှာ၊အိမ်သင့်ခြင်း(အိမ်ထောင်ပြုခြင်း)၊သားဘွားခြင်း၊အိမ်မှုကိုကြည့်ရှုပြုစုခြင်း၊ကဲ့ရဲ့စရာအခွင့်ကိုရန်သူအားမပေးဘဲနေခြင်းအမှုများကိုပြုစုစေခြင်းငှါငါအလိုရှိ၏။–လို့ပြောထားပါသည်။

ဘုရားသခင်စုံဖက်ထားသောအိမ်ထောင်မှမိန်းမ(ဇနီး/ မယား)ဖြစ်သူသည်အကျင့်စာရိတ္တပျက်ပြားပြီး၊ထူးခြားသောအရည်အသွေးတည်းဟူသောဆောက်တည်စရာဖြစ်သည့်“သီလ”ဟူသည်မရှိခဲ့ပါမူ၊အိမ်ထောင်ကိုမည်သို့ထိန်းသိမ်းနိုင်မည်နည်း။အိမ်ထောင်၏ဦးစီးဖြစ်သောမိမိ၏ “လင်/ ခင်ပွန်း” ၌ဦးရစ်သရဖူမည်သို့ဖြစ်နိုင်မည်နည်း။

ဤနေရာတွင်၊တသက်လုံးအိမ်ထောင်မပြုသောအမျိုးသမီး(မိန်းမ)များ၏အဖော်မွန်မှာမည်သူနည်း။ဘုရားသခင်သည်ထိုသို့သောမိန်းမတို့၏အဖော်မွန်ဖြစ်သည်။ထို့ကြောင့်ဘုရားသခင်ထံ၌ဦးရစ်သရဖူဖြစ်ရမည်။

(သုတ္တံ၊၁၄း၁)တွင်“ပညာရှိသောမိန်းမသည်မိမိအိမ်ကိုတည်ဆောက်တတ်၏”ဟုဆိုရာတွင်အိမ်ဆောက်ခြင်းကဲ့သို့အဆောက်အဦးတစ်ခုဖြစ်အောင်ပြုလုပ်ခြင်းကိုမဆိုလိုပါ။မိမိ၏အိမ်ထောင်ကိုကောင်းမွန်စွာထိန်းသိမ်းပြုစုစောင့်ပြီး၊အိမ်သူအိမ်သားများ၏ခိုနားနိုင်သောနေရာ၊နေချင်စဖွယ်ဖြစ်အောင်ဖန်တီးခြင်း၊ပျော်ရွှင်စွာပေါင်းသင်းဆက်ဆံတတ်ပြီး၊ဘုရားသခင်၏အလိုတော်အတိုင်းစစ်မှန်သောခရစ်ယာန်အိမ်ထောင်တစ်ခုအဖြစ်တည်ဆောက်ခြင်းကိုဆိုလိုပါသည်။အကျင့်သီလမရှိလျှင်၊မိမိအိမ်ကိုအဘယ်သို့တည်ဆောက်နိုင်မည်နည်း။

(သုတ္တံ၊၇း၁၁) တွင်“ထိုမိန်းမသည်ကျယ်သောအသံနှင့်ခိုင်မာသောစိတ်သဘောရှိ၏။ကိုယ်အိမ်၌မနေ၊လည်တတ်၏”ဟူ၍၎င်း၊–(၁တိ၊၅း၁၃)၌“တအိမ်မှတအိမ်သို့လည်၍၊ပျင်းရိတတ်ကြ၏။ပျင်းရိသည်သာမက၊စကားများ၍မပြောအပ်သောအရာကိုပြောသဖြင့်၊ကိုယ်နှင့်မဆိုင်သောအမှု၌ရောနှောသောသူဖြစ်တတ်ကြ၏”ဟူ၍၎င်း၊–မိန်းမယုတ်တို့၏အပြုအမူတို့ကိုသီလရှိသောမိန်းမတစ်ဦးအနေဖြင့်၊ထိုသို့မပြုလုပ်အပ်သောအရာများကိုရှောင်ရှားရန်လမ်းညွှန်ဆုံးမသည့်ကျမ်းပိုဒ်များဖြစ်ပါသည်။

မိန်းမတို့၏ဂုဏ်သရေရှိခြင်းသည်ရုပ်ခန္ဓာအလှထက်ပို၍အရေးကြီးကြောင်းကိုလည်း“သင်တို့၏တန်ဆာဆင်ခြင်းမူကား၊ဆံပင်ကျစ်ခြင်း၊ရွှေဆင်ခြင်း၊အဝတ်ဝတ်ခြင်းတည်းဟူ

သောအပြင်တန်ဆာဆင်ခြင်းမဖြစ်စေဘဲ၊ဘုရားသခင့်ရှေ့မှာအဘိုးများစွာထိုက်သောနူးညံ့ငြိမ်သက်ခြင်းသဘောတည်းဟူသောမဖောက်ပြန်မပျက်စီးတတ်သောတန်ဆာဆင်ခြင်းရှိသောစိတ်နှလုံး၏အတွင်းလူဖြစ်စေကြလော့”။–(၁ပေ၊၃း၃–၅)တွင်၊ဤသို့သတိပေးထားသည်။

ဘုရားသခင်သည်သီလနှင့်ပြည့်စုံပြီး၊မိမိလင်/ခင်ပွန်း၌ဦးရစ်သရဖူဖြစ်စေမည့်မိန်းမ(ဇနီး/မယား)ကိုဆုကျေးဇူးပေးတော်မူမည်ဟုဂတိတော်ရှိသည့်အကြောင်းကို(ဆာလံ၊၁၂၈း၃)မှာတွေ့ရပါသည်။“သင်၏မယားသည်သင့်အိမ်နားမှာများစွာအသီးသီးသောစပျစ်နွယ်ပင်ကဲ့သို့”ဖြစ်မည်။စပျစ်နွယ်ပင်သည်ခိုင်ခံ့ပြီး၊အသီးသီးလာသောအခါပြိုလဲမသွားရန်အတွက်အမြစ်သည်အားရှိကာခိုင်မာဖို့လိုသည်။အပင်၏အားထားရာရေသောက်မြစ်သည်ထာဝရအသက်စမ်းရေကိုရှာတွေ့မှသာတည်တံ့ခိုင်မြဲမည်ဖြစ်ပါသည်။ကျွန်ုပ်တို့ယုံကြည်ကိုးကွယ်သောဘုရားသခင်သည်ထာဝရအသက်ရှင်သောဘုရားဖြစ်သည်နှင့်အညီဂတိခံဝန်ချက်များကိုပေးထားသောဘုရားဖြစ်သည်။အလုပ်လုပ်သောဘုရားလည်းဖြစ်ပါသည်။အလိုတော်အတိုင်းအသက်ရှင်သောသူကိုကောင်းကြီးမင်္ဂလာသွန်းလောင်းပေးမည်ဟု(မာလခိ၊၃း၁၀)မှာ၊–မိန့်မှာထားသည်။ဘုရားသခင်ကိုယုံကြည်ပါသည်ဟုနှုတ်မှကြွေးကြော်ခြင်းသည်ကောင်းပါသည်။ သို့သော်၊ထိုယုံကြည်ခြင်းကိုသက်သေပြသောအလုပ်သဘောဆောင်သည့်အသက်ရှင်နေထိုင်မှု(Style)ကအရေးကြီးပါသည်။

ထိုကြောင့်၊မိမိလင်/ခင်ပွန်း၌ဦးရစ်သရဖူဖြစ်နိုင်ဘို့ရန်ဇနီး/မယားဖြစ်သူသည်၊–

၁။ထောက်မသည့်အဖော်မွန်ဖြစ်ရမည်။(မာလခိ၊၂း၁၄)
၂။လင်ယောကျ်ားကိုကျေနပ်ချစ်ခင်ရမည်။(သုတ္တံ၊၃၁း၁၂)
၃။လင်ယောကျ်ား၏အုပ်စိုးမှုကိုဝန်ခံရမည်။(၁ကော၊၁၁း၁၃)
၄။မေတ္တာကြောင့်သာမဟုတ်၊ခရစ်တော်အတွက်အုပ်စိုးခြင်းကိုဝန်ခံရမည်။(၁ပေ၊၃း၁–၆)
၅။ခရစ်ယာန်အိမ်ထောင်တွင်ငြင်းခုံရန်တွေ့ခြင်းကိုရှောင်သင့်သည်။(သုတ္တံ၊၁၇း၁၄)
၆။ခရစ်ယာန်အိမ်ထောင်တွင်အပေးအယူသင့်တင့်မျှတရန်အရေးကြီးသည်။(၁ပေ၊၄း၁၈)

ခေတ်ရာစုသာပြောင်းလဲသွားပေမဲ့၊သမ္မာကျမ်းစာမှာဘယ်တော့မှမပြောင်းမလဲတည်တံ့နေမည်ဖြစ်သလို၊ဘုရားသခင်အလိုတော်ရှိသောဇနီး/မယားတို့၏တာဝန်နှင့်အရည်အချင်းမှာလည်းဘယ်သောခါမျှပြောင်းလဲမည်မဟုတ်ပေ။

သို့ဖြစ်၍၊အသင်းတော်တိုင်းမှချစ်သောခရစ်ယာန်အိမ်ထောင်ရှင်ဇနီး/မယားတိုင်းနှင့်အိမ်ထောင်ပြုရန်ရည်ရွယ်ထားသောညီမငယ်များ၊သမီးပျိုများသည်သီလနှင့်ပြည့်စုံပြီး၊မိမိလင်/ခင်ပွန်း၌ဦးရစ်သရဖူဖြစ်နိုင်စိမ့်သောငှါ၊ဆုတောင်းခြင်းဖြင့်ခွန်အားယူကြပါစို့။ ။

ခရစ်တော်၌–
ကေ–နူးနူး

× × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × × ×




သားမျိုးနှင့်မိုဃ်းကောင်းကင်ငှက်တို့ကိုမေးမြန်းလော့။သူတို့သည်ဟောပြောသွန်သင်ကြလိမ့်မည်။မြေကြီးနှင့်ပင်လယ်ငါးတို့ကို မေးမြန်းလော့။ သူတို့သည်ပြသ၍ ဥပဒေသပေးကြလိမ့်မည်။ ဤအမှုတို့ကိုထာဝရဘုရားစီရင်တော်မူကြောင်းကို ထိုတိရစ္ဆာန်တစ်ကောင်မျှမသိဘဲနေသလော။
ယောဘဝတ္ထု၊ ၁၂ း၇ – ၉

Talapia ငါးအမျိုးအစားပေါင်း (၇၀) ကျော်ရှိပါသည်။ ယင်းတို့၏မျိုးပွားပုံအပေါ် မူတည်၍အုပ်စုများ ခွဲခြားထားပါသည်။ Talapia ငါးအုပ်စုများထဲတွင် Oreochromis genus ဟူသောငါးတစ်မျိုး အပါအဝင် ဖြစ်သည်။

ဤငါးမျိုး၏ ငါးမမှအုလိုက်သော ငါးဥများကို လုံခြုံစွာပေါက်ပွားလာစေရန် ငါးမ၏ပါးစပ်ထဲတွင် ငါးကလေးများပေါက်လာမည့်အချိန် (၇)ရက်မှ(၁၀)ရက်အထိ မည်သည့်အစာမျှမစားဘဲ ငါးကလေးများကို ငုံထားတတ်သည်။

အော်! ... မိခင်၏မေတ္တာအလွန်ကြီးမားပါလား။

ငါးမသည် ဤငါးဥများမှ ပေါက်လာသောငါးကလေးများ ရေကူးနိုင်သောအခါမှ သာလျှင်သူမ၏ပါးစပ်တွင်းမှအပြင်သို့ လွှတ်ပေးလိုက်သည်။ ဤသို့လွှတ်ပေးလိုက်သော်လည်း ရက်အနည်း ငယ်ကြာသည်အထိ မိခင်ငါးမသည် ငါးကလေးများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ပေးသည်။ ငါးကလေးများသည်လည်း ကြောက်လန့်သောအခြေအနေ နှင့်ကြုံတွေ့သောအခါ မိခင်ငါးမ၏ ပါးစပ်ထဲသို့ ပြန်လည်ကူးဝင်ခိုလှုံကြသည်။

အော်! ... ခလုပ်တိုက်မှအမိတဟူသောစကားပုံသည်သွေးထွက်အောင်မှန်ပါလား။

အကယ်၍ တစ်နေရာတည်း၌ ငါးမနှစ်ကောင် တပြိုင်တည်း ဥအုလျှင် ပေါက်လာသောငါးကလေးများကြောက်လန့်၍ မိခင်ငါးမ၏ပါးစပ်ထဲသို့ ပြန်လည်ပြေးဝင်သောအခါ အမှားအယွင်းမရှိဘဲ သက်ဆိုင်ရာမိခင်ငါးမ၏ပါးစပ်ထဲသို့ မှန်ကန်စွာ ပြေးဝင်နိုင်စွမ်းရှိကြောင်းကို တွေ့ရပါသည်။

အော်! ... ဘုရားသခင်၏ဖန်ဆင်းခြင်းသည်အံ့သြ၍မကုန်နိုင်။

ဤငါးကလေးများသည် ကြောက်လန့်သောအခါတွင် လုံခြုံစိတ်ချရာနေရာဖြစ်သောမိခင်ငါးမ၏ပါးစပ်ထဲသို့ ပြေးဝင်ခိုလှုံသကဲ့သို့ ကျွန်တော်တို့ လောကသားအားလုံးသည်လည်း တုန်လှုပ်ခြောက်ခြား၍ အလွန်ကြောက်လန့်သောအခါတွင် မေတ္တာတော်ရှင် သခင်ယေရှုခရစ်တော်၏ လုံခြုံသောရင်ခွင်ထဲသို့ ပြေးဝင်ခိုလှုံနိုင်ကြောင်း သတင်းကောင်း ပါးလိုက်ပါသည်။

# Mothers

By: Soe Myat Mon/ Goodycat

Mothers are the wings of every family.

They lift us up when we are down;

keep us steady when things get rough.

When times are hard,

when all is dark,

when lightning strikes us down with all it's might,

they are our light and pull us out.

Out of the darkness and into the light.

They stay by our side forever and ever

with hearts full of love,

and eyes full of understanding.

So shout a cheer!

A cheer for all mothers!

Give thanks to God for them on....

MOTHER'S DAY!

# My Mother

*Mother!*
*You're always a special place in my hearts.*
*You're my best teacher of love, compassion,*
*and forgiveness.*

*You taught me to care for others.*
*Now, I show you how much I learned.*
*Believe I can be a mom, like you,*

*Hope and pray that one day,*
*You'll look at me and see,*
*Some of the values, you've instilled in me.*

*This mother's day,*
*Let you know how special you are.*
*I honor You, Mother!*
*You are the best I've ever had.*

♠ - *Smile*

# A Beautiful Parable

A woman came out of her house and saw three old beards men sitting in her front yard, she did not recognized them. She said "I don't think I know you, but you must be hungry. Please come in and something to eat."

"Is the man of the house home?", they asked.  "No", she replied. "He's out." "Then we cannot come in", they replied.

In the evening when her husband came home, she told him what had happened.

"Go tell them I am home and invite them in!"

The woman went out and invited the men in.

We do not go into a house together", they replied.

"Why is that?" she asked.

One of the old man explained: "His name is Wealth," he said pointing to one of his friends, and said pointing to another one, "He is success, and I am love". Then he added, "Now go in and discuss with your husband which one of us you want in your home."

The woman went in and told her husband what was said. Her husband was overjoyed. "How nice!!!", he said. "Since that is the case, let us invite Wealth. Let him come and fill our home with wealth!"

His wife disagreed. "My dear, why don't we invite Success?"

Their daughter-in-law was listing from the other corner of the house.

She jumped in with her own suggestion: "Would it not be better to invite Love? Our home will then be filling with love!"

"Let us heed our daughter-in-law's advice," said the husband to his wife.

"Go out and invite Love to be our guest".

The woman went out and asked the three old men, "Which one of you is Love?

Please come in and be our guest".

Love got up and started walking towards the house. The other two also got up and followed him. Surprised, the lady asked Wealth and Success:

"I only invite Love, Why are you coming in?"

The old man replied together: "If you have invited Wealth or Success, The other two of us would've stayed out, but since you invited Love, wherever He goes, we go with him. Wherever there is Love, there is also Wealth and success!!!!!!"

MY WISH FOR YOU…

*Where there is pain, I wish you peace and mercy.

*Where there is self-doubting, I wish you renewed confidence in your ability to work through it.

*Where there is tiredness, or exhaustion, I wish you understanding, patience and renewed strength.

*Where there is fear, I wish you love and courage.

*Cecelia